*Volume 2 / Issue 7 /July / 2009*

*Enjoy free reading from B.C.F*

# † Newsletter – သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## Youth Sunday Day Special

### How Can Christian Youth Find Happiness In Their Life?

Many people believe that money, fame or beauty will make them happy. Hence, they purchase such things: only to find that happiness eludes them.

What the Bible teaches us:

People who want to get rich fall into temptation and a trap and into many foolish and harmful desires that plunge men into ruin and destruction. (1Timothy.6:7)

Jesus Christ identified the key to happiness when he said sermon on the mountain. "Happy are those conscious of their spiritual need." (Matthew.5:3)

True happiness can be found only if we take steps to fill our greatest need-our hunger for spiritual truth about God and his purpose for us. The truth is found in the Bible. Knowing that truth can help us to decision what is really important and what is not. To allowing the Bible truth to guide our decisions and actions lead to a more meaningful life.

The scripture for blessed or happiness is you can find in Luke 11:28.
"Blessed rather are those who hear the word of God and obey it."

Mailing Address - Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605

Phone (562) 944-9091 www. bcfla.org

### Be Careful How You Live

By: Yi Yi Aye

Every year, the last Sunday of July, BCF Youth and Young Adult held Youth Sunday Service that service is belong to them. I have to say a short message and commit to memory for you guys.

A few years ago, my husband worked with United Nations World Food program. His office is in Zimbabwe; formerly Southern Rhodesia which is a landlocked country located in the southern part of the continent of Africa. When we (me and my husband) had vacations times, we visited game parks in that area.

One day we toured around the national desert. While we were looking around and I noticed that there are two kinds of birds flied over here and there. One is the hummingbird and the other is the vulture. They are totally difference. Every single thing is opposite.

The vultures find the rotting meat of the desert because that is what they look for. They thrive on that diet. But hummingbirds ignore the smelly flesh of dead animals. Instead, they look for the colorful blossoms of desert plants. The vultures live on what was. They live on the past. They fill themselves with what is dead and gone. But hummingbirds live on what is. They seek new life. They fill themselves with freshness and life. Each bird finds what it is looking for. We all do.

That is the essence of Paul's teaching: In life, there are two birds:-
The one bird looks for foolishness and stupidity and the other looks for wisdom.
The vultures seek to fill themselves with the rotting flesh of drunkenness and debauchery, the hummingbird sobriety, freshness, and the Spirit. In the desert of this world you have your scavengers who are angry and ungrateful, but you also have those who hum a grateful hymn of thanksgiving. The irony is that you find what you are looking for.

Paul outlines proper behavior for good living in Ephesians 5:15-20.
**Be very careful, then, how you live—not as unwise but as wise, making the most of every opportunity, because the days are evil. Therefore do not be foolish, but understand what the Lord's will is. Do not get drunk on wine, which leads to debauchery. Instead, be filled with the Spirit. Speak to one another with psalms, hymns and spiritual songs. Sing and make music in your heart to the Lord always giving thanks to God the Father for everything, in the name of our Lord Jesus Christ.**
In that scripture verses; Paul admonishes his readers to be careful how they live.
He is brief and to the point, Two things we must do. 1. Be wise and
2. Be thankful.
It's a short list but if we can orient our daily lives around these two points we will transform not only our lives but also the lives of our family, friends, church, and neighbors. …So be careful how you live as God's Children.

---

# စည်းလုံးညီညွတ်၍ .... ဖွဲ့၊လုံ့လ၊ဝီရိယ .... ရှိသောလူငယ်များ

ရွေးကျမ်းချက်၊–(မာကု။ ၂း၁–၅၊၁၁)　　　　　　　　　　　　ရေး၊– John Ma

ကိုယ်တော်သည်ကပေရနောင်မြို့ သို့ဝင်ပြန်၍ အိမ်၌ရှိတော်မူသည်ကို ကြားကြလျှင်၊ တံခါးပြင်နားမှာ နေစရာမရှိနိုင်အောင်လူများတို့သည်အလျင်အမြန်စုဝေးကြသည်ဖြစ်၍ သူတို့အားတရားဟောတော်မူ၏။ထိုအခါ လူလေးယောက်တို့သည်လက်ခြေသေသောသူတယောက်ကိုထမ်း၍ အထံတော်သို့ ဆောင်ခဲ့ကြ၏။လူစုဝေးလျက်ရှိ သောကြောင့်ကိုယ်တော်ရင်းသို့ မချဉ်းကပ်နိုင်သဖြင့်၊ ကိုယ်တော်ရှိရာအပေါ်မှာ အမိုးကိုဖောက်ထွင်းပြီးမှလူနာနှင့် တကွအိပ်ရာခုတင်ကိုလျှော့ချကြ၏။ယေရှု သည် ထိုသူတို့၏ယုံကြည်ခြင်းကိုမြင်လျှင်၊ လက်ခြေသေသောသူအား၊ ငါ့သား၊ သင်၏အပြစ်ကို လွှတ်စေပြီဟုမိန့်တော်မူ၏။.......ထလော့၊ ကိုယ်အိပ်ယာကိုဆောင်၍ ကိုယ်အိမ်သို့သွား လော့ဟုသင့်အားငါဆိုသည်ဟု လက်ခြေသေသောသူအားမိန့်တော်မူ၏။

တခါက၊ သခင်ခရစ်တော်သည် ကပေရနောင်မြို့၏အိမ်တအိမ်သို့ရောက်လာ၍၊ တရားဒေသနာဟော ကြားတော်မူ၏။ တရားနာသောသူများအလွန်များပြားလာသဖြင့် အိမ်၏တံခါးအပြင်ဘက်မှာ ခြေချစရာပင်မရှိ အောင် လူအများစုဝေးလာကြသည်။ထိုသို့လူအုပ်ကြီး၏ဝန်းရံပိတ်ဆို့နေမှုကြောင့်လက်ခြေသေနေသောသူတစ် ယောက်ကိုထမ်းလာသောလူလေးယောက်တို့သည်ထိုသူကိုသခင်ခရစ်တော်ထံသို့ရောက်အောင်မပို့ဆောင်နိုင်ပါ၊ သို့သော်လက်မြှောက်အရှုံးမပေး။စိတ်ပျက်အားလျှော့ခြင်းမရှိဘဲ။ခရစ်တော်ရှိရာအိမ်၏ခေါင်မိုးပေါ်သို့တက်၍ အမိုး ကိုဖေါက် ထွင်းပြီးမှစည်းလုံးညီညွတ်လျက် ဖွဲ့၊လုံ့လ၊ဝီရိယ စိုက်ထုတ်ကာ၊ လက်ခြေသေနေသောသူကိုအိပ်ယာနှင့် တတူတကွခရစ်တော်၏ရှေ့မှောက်သို့မရောက်ရောက်အောင်ပို့ဆောင်ပေးသောကြောင့်ဤလူလေးယောက်တို့၏ ယုံကြည်ခြင်းမှာစံတင်လောက်ပေ၏။ ထိုယုံကြည်ခြင်းကြောင့်လက်ခြေသေနေသောလူနာသည်လုံးဝပျောက်ကင်း ကာ၊ ထ၍ ရှောက်သွားသည်ဆိုသည့် ဖြစ်ရပ်မှန်တစ်ခုကို သမ္မာကျမ်းစာတော်မြတ်၌တွေ့နိုင်ပါသည်။

ထိုနည်းတူ၊တပည့်တော်များဖြစ်ကြသောလူငယ်အပေါင်းတို့.....အသင်တို့သည်အချင်းချင်း စိတ်ဝမ်း ကွဲပြားမှုမရှိဘဲ။ "စည်းလုံးညီညွတ်၍...ဖွဲ့၊လုံ့လ၊ဝီရိယ...ရှိသောယုံကြည်ခြင်း" ဖြင့်လက်တွဲကာ၊–

ကယ်တင်ခြင်းပျောက်ဆုံးနေသူများ၊
နာမကျန်းဖြစ်နေသောသူများ၊
ဒုက္ခရောက်နေသောသူများ၊
ကူညီမစမ၍ကိုလိုအပ်နေသူများ .... စသည်တို့ကို

ဤလူလေးယောက်ကဲ့သို့ခရစ်တော်ထံသို့မရောက်ရောက်အောင်ခေါ်လာမည်လော?။–

သို့တည်းမဟုတ်၊

တရားနာသောလူအုပ်ကြီးကဲ့သို့သခင်ခရစ်တော်ထံသို့အခြားသူများကိုအခွင့်အရေးမပေးဘဲ၊
ဝန်းရံပိတ်ဆို့ထားမည်လော?။–

သခင်ခရစ်တော်တစ်ပါးတည်းသာလျှင်၊လွှတ်ငြိမ်းချမ်းသာခွင့်ကိုပေးနိုင်ပါသည်။ ။

---

*** JULY SPECIAL EVENTS *** **B.C.F Youth Sunday**

**Date- July 26, 2009**

**Time- 2:00 pm**

**Place- Calvary Community Church. 1555 E. Colorado Blvd. Pasadena, CA 91106**

---

# "၁၈၁၃ မမေ့နိုင်တဲ့ ဇူလိုင် ၁၃"

နှစ်စဉ်ဇူလိုင်လဒုတိယအပါတ်တနင်္ဂနွေနေ့ကိုမြန်မာပြည်ရှိနှစ်ခြင်းခရစ်ယာန်များအပြင်ကမ္ဘာအနှံ့အပြား သို့ရောက်ရှိနေကြသောအဝေးရောက်မြန်မာနှစ်ခြင်းခရစ်ယာန်အများစုတို့သည်ယုဒသန်နေ့သတ်မှတ်ကာအထူးဝတ် ပြုစည်းဝေးအစီအစဉ်များလုပ်ကြပါသည်။

## ဆရာယုဒသန်၏မြန်မာပြည်သို့ခရီးစဉ်၊

ဆရာယုဒသန်သည်၁၇၈၈ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင်အမေရိကန်ပြည်ထောင်စု၊မက်ဆာချူးဆက် ပြည်နယ် မော်လဒင်မြို့တွင် မွေးဖွားခဲ့သည်။ ဗရောင်းသက္ကသိုလ်တွင် ပညာသင်ကြားခဲ့၏။ ၁၈၁၂ ခုနှစ် ဖေဖေါ်ဝါရီ ၅ ရက်နေ့တွင် အန်ဟေဇယ်တိုင် နှင့် ထိမ်းမြားလက်ထပ်ခဲ့လေသည်။ နောက်တနေ့တွင် ယုဒသန်သည် အခြားအဖေါ် လေးဦးတို့နှင့်အတူ အရှေ့အာရှနိုင်ငံများသို့ သာသနာပြုရန် စေလွှတ်ခြင်းခံရ၏။ ယုဒသန် ဇနီးမောင်နှံတို့သည် ဖေဖေါ် ဝါရီ ၁၉ ရက်နေ့တွင်ဆေလမ်မြို့ ဆိပ်ကမ်းမှ သင်္ဘောဖြင့် ထွက်ခွာခဲ့ကြသည်။ ဇွန်လတွင်အိန္ဒိယနိုင်ငံကာလကတ္တားမြို့ သို့ ဆိုက်ရောက်လေသည်။အိန္ဒိယနိုင်ငံတွင်ရောက်ရှိနေသည့် ဗြိတိလျှတို့၏ အရှေ့အိန္ဒိယ ကုမ္ပဏီသည်အမေရိကန် သာသနာပြုပုဂ္ဂိုလ်များကို ထိုတိုင်းပြည်တွင် နေထိုင်ရန်မလိုလားချေ။ ထို့ကြောင့် အိန္ဒိယနိုင်ငံသရှိ ဘုရင်ခံချုပ်က ယုဒ သန်နှင့်ဇနီးတို့ကို မိမိတို့စီးနင်းလိုက်ပါလာခဲ့သော သင်္ဘောဖြင့် အမေရိကန်ပြည်သို့ပြန်ရန် အမိန့်ပေးလေသည်။

ယုဒသန်သည်အရှေ့အာရှနိုင်ငံများ၌သာသနာပြုရန်ဟူသောမူလရည်ရွယ်ချက်ကိုစွန့်လွှတ်ရမည်အခြေအ နေတွင်ရောက်ရှိနေခဲ့သော်လည်း၁၈၁၃ခုနှစ်ဇွန်လဆန်းတွင်အရှေ့ဖက်သို့ကြုံရာသင်္ဘောနှင့်မဒရပ်မြို့သို့ထွက်ခွာခဲ့ကြ ပြန်သည်။တဖန်မဒရပ်မြို့မှတဆင့်ဂျောဂျီးယားနားအမည်ရှိသင်္ဘောဖြင့်မြန်မာနိုင်ငံသို့လိုက်ပါလာခဲ့ကြရာ၊ဇူလိုင်လ၁၃ ရက်နေ့တွင်ရန်ကုန်မြို့သို့ဆိုက်ရောက်လေသည်။

## ဆရာယုဒသန်၏ကြိုးပမ်းမှု၊

ဟောပြောရန်သာသနာပြုရန်ရောက်လာကြသည်ဖြစ်သော်လည်းယုဒသန်တို့သည်မြန်မာစကားကိုတလုံး တပါဒမျှမတတ်ကြ၊ထို့ကြောင့်မြန်မာစကားကိုဦးစွာကြိုးစားသင်ယူရသည်။သို့ဖြင့်သုံးနှစ်သုံးမိုးရှိလာသောအခါယုဒသန် သည်မြန်မာသဒ္ဒါကျမ်းတစောင်ကိုရေးသားပြုစုပြီးလေ၏။မြန်မာတို့အကြားတွင်သာသနာပြုဖို့ရန်မြန်မာတို့၏အယူဝါဒ အလေ့အလာတို့ကိုလည်း နားလည်ရပေဦးမည်။

ထို့ကြောင့်ယုဒသန်သည်လောကုတ္တရာစာပေများကို လေ့လာဆည်းပူးရာ၊ မြန်မာစကားကဲ့သို့ဖြစ်နေသော ပါဠိ၊ သက္ကတစကားလုံးပေါင်းလေးထောင်လောက်ကိုစုဆောင်းမိလေသည်။ထိုစကားလုံးများကိုအက္ခရာဝလိစဉ်၍မြန်မာအ နက်ပေးကာပါဠိ- မြန်မာအဘိဓာန်ကို စတင်ပြုစုလေသည်။ ထိုအဘိဓာန်တွင်ပါသောမြန်မာစကားလုံးများကိုတဖန် အက္ခရာ ဝလိစဉ်ကာ အင်္ဂလိပ် အနက်ပေး၍ ပဌမမြန်မာ-အင်္ဂလိပ် အဘိဓာန်ငယ်ကို ဆက်လက် ပြုစုပြန်သည်။

ယုဒသန်ပြန်ဆိုသောဓမ္မသစ်ကျမ်းကို၁၈၃၂ခုနှစ်ဒီဇင်ဘာ၁၅ရက်နေ့တွင်မော်လမြိုင်မြို့သာသနာပိုင်ပုံနှိပ်တိုက်၌ ပထမဦးဆုံးအကြိမ် ရိုက်နှိပ်ခဲ့သည်။ ဓမ္မဟောင်းကျမ်းကိုလည်းဆက်လက်ပြန်ဆိုခဲ့ရာ ၁၈၃၅ ခုနှစ် ဒီဇင်ဘာ ၂၉ရက်နေ့ တွင်ပုံနှိပ်ပြီးစီးလေသည်။ ယုဒသန်သည် အင်္ဂလိပ်-မြန်မာ အဘိဓာန်နှင့် မြန်မာ-အင်္ဂလိပ် အဘိဓာန်နှစ်စောင်ကို ပုံနှိပ် ထုတ်လုပ်သည်။

## ဆရာယုဒသန်၏သာသနာ့အကျိုး၊

ဆရာယုဒသန် ၃၅နှစ်ကြာ မြန်မာပြည်ခရီးစဉ်တွင် မြန်မာ၊ကရင် ၇၀၀၀ ကျော် နှစ်ခြင်းခံပြီးခရစ်တော်ယုံကြည် ခြင်းနှင့်ထာဝရအသက်ကိုရရှိခဲ့ကြသည်။သိက္ခာတင်ပွဲတော်၆၃ကြိမ်ကိုမစ်ရှင်အဖွဲ့ပေါင်း၁၆၃ခုဖြင့်လုပ်ဆောင်နိုင်ခဲ့ သည်ခြင်းဖြင့်ဒေသခံဓမ္မဆရာ၊လက်ထောက်ဓမ္မဆရာများစွာမွေးထုတ်နိုင်ခဲ့သည်။အခြားအသင်းတော်များဖြစ်သော မက်သဒစ်၊ပရက်ဘာတာရီယန်၊စသည့်အသင်းတော်များနှင့်ပူးပေါင်းဆောင်းရွက်ခြင်းများစသည့်ဆရာကြီးယုဒသန်၏ ဘဝခရီးစဉ်၊သူ၏ဘဝဒဏ်ခံနိုင်ခြင်း၊အတူးသဖြင့်အင်းဝနေပြည်တော်တွင်အကျဉ်းခံရခြင်းနှင့်ဇဝံဂေလိခရီးစဉ်အားလုံး တို့သည်ခရစ်တော်အားဖြင့်သာ ဖြစ်ပါသည်။

ရှေ့လာမည့်၂၀၁၃ ခုနှစ်၊ ဇူလိုင်လ၊ ၁၃ ရက်သည်_ဆရာယုဒသန်၏မြန်မာပြည်သာသနာ နှစ်၂၀၀ပြည့် မည်။မြန်မာပြည်လူဦးရေ၁၀%နီးပါးတို့အားကယ်တင်ခြင်းတရားနှင့်မြန်မာသမ္မာကျမ်းစာကိုပေးခဲ့သူဆရာကြီးယုဒ သန်အားအထူးသတိရလျှက်ဂုဏ်ပြုပါ၏။ ။

----------------------------------------------------------------Reference:-မြန်မာစွယ်စုံကျမ်း အတွဲ ၁၀၊ ---------------